ပုံစံ (၁၁)

# ခုံသမာဓိကောင်စီ

## ခုံအဖွဲ့၏ ဆုံးဖြတ်ချက်

{ နည်းဥပဒေ ၂၃ (စ) }

ခုံအဖွဲ့

၂၀၁၉ ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ် (၁၀/၂၀၁၉)

| | |
|---|---|
| ဒေါ်အက်စတာ (အလုပ်ရှင်)<br>ဒေါ်ခင်ဥမ္မာ (ဥပဒေအကြံပေး)(အလုပ်ရှင်၏<br>အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ)<br>Fang Yuan Myanmar Co.,Ltd.(ဆောက်လုပ်ရေး<br>လုပ်ငန်းသုံးပစ္စည်းစက်ရုံ)၊ အမှတ် (၁၂၁)၊<br>ဝက်မစွပ်ဝန်ထောက်လမ်း၊ရွှေပြည်သာစက်မှုဇုန်(၃)၊<br>ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | လျှောက်ထားသူ |

နှင့်

| | |
|---|---|
| ဦးမောင်မောင်ထွေးပါ အလုပ်သမား (၆)ဦး<br>အပိုင်း(၈)၊ ဝေပုလ္လ(၅)လမ်း၊ အမှတ်(၂၀)ရပ်ကွက်၊<br>လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | လျှောက်ထားခြင်းခံရသူ |

ရက်စွဲ။ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်

## ဆုံးဖြတ်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ရွှေပြည်သာစက်မှုဇုန် (၃)၊ ဝက်မစွပ်ဝန်ထောက်လမ်း၊ အမှတ် (၁၂၁) ရှိ Fang Yuan Myanmar Co.,Ltd. (ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းစက်ရုံ) အလုပ်ရှင် ဒေါ်အက်စတာ၊ ဒေါ်ခင်ဥမ္မာ (ဥပဒေအကြံပေး/အလုပ်ရှင်၏အထူးကိုယ်စားလှယ်

လွှဲအပ်ခြင်းခံရသူ)နှင့် ဦးမောင်မောင်ထွေးပါ အလုပ်သမား (၆)ဦးတို့ဖြစ်ပွားသော အငြင်းပွားမှုအား အင်းစိန်မြို့နယ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သော်လည်း ပြေလည်မှုမရရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ထိုအငြင်းပွားမှုကို အငြင်းပွားမှုအမှတ် (၁၂/၂၀၁၉) အရ ကြားနာစစ်ဆေးပြီး ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်နေ့တွင် ဆုံးဖြတ်ပေးခဲ့သည်။

၂။ ဤအငြင်းပွားမှုသည် တောင်းဆိုသူ ဦးမောင်မောင်ထွေးပါ အလုပ်သမား (၆) ဦးတို့မှ တောင်းဆိုခြင်းခံရသူ ဒေါ်အက်စတာ (အလုပ်ရှင်)၊ ဒေါ်ခင်ဥမ္မာ (ဥပဒေအကြံပေး/ အလုပ်ရှင်၏ အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ)၊ Fang Yuan Myanmar Co.,Ltd. (ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းစက်ရုံ)ထံတွင် အလုပ်မှထုတ်ပယ်ခံရသဖြင့် အလုပ်ပြန်လည်ခန့်အပ်ပေးရန် တောင်းဆိုသည်မှ ဖြစ်ပွားလာသော အငြင်းပွားမှုဖြစ်သည်။

၃။ ထိုတောင်းဆိုချက်အပေါ်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ကောက်ချက် (၁) ချက် ရေးဆွဲပြီး အဆုံးအဖြတ်ပေးခဲ့ရာ တောင်းဆိုခြင်းခံရသူ ဒေါ်အက်စတာ (အလုပ်ရှင်)၊ ဒေါ်ခင်ဥမ္မာ (ဥပဒေအကြံပေး/ အလုပ်ရှင်၏အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ)၊ Fang Yuan Myanmar Co.,Ltd. (ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းစက်ရုံ)မှ အောက်ပါကောက်ချက်အမှတ် (၁) ပေါ်တွင် ဆုံးဖြတ်သော ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိ၍ ပြင်ဆင်မှုလျှောက်ထားလာခြင်းဖြစ်သည်-

**ကောက်ချက်အမှတ်(၁)။** ဆောက်လုပ်ရေးလုပ်သား (၆)ဦးအား အလုပ်ပြန်လည်ခွင့်ပြုရန် သင့်/ မသင့်။

**ဆုံးဖြတ်ချက်အမှတ်(၁)။** ဦးမောင်မောင်ထွေးပါ အလုပ်သမား (၆) ဦးအား မူလဆိုဒ်နေရာ မရှိတော့သည့်အတွက် မူလရာထူး၊ လစာဖြင့် သင့်တော်သည့်နေရာတွင် ဆုံးဖြတ်ချက်ချသည့်နေ့မှ (၇) ရက်အတွင်း ပြန်လည်ခန့်ထားရန်၊

**ဆုံးဖြတ်ချက်အမှတ်(၂)။** အလုပ်ရပ်စဲခံရသည့်နေ့မှ ပြန်လည်ခန့်ထားသည့်နေ့အထိ ကြားကာလ နစ်နာကြေးကို လုပ်သားများ လစာနှုန်းအတိုင်း တွက်ချက်ထုတ်ပေး ရန် ဆုံးဖြတ်သည်။

၄။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ အငြင်းပွားမှုအမှတ် (၁၂/၂၀၁၉) ဆုံးဖြတ်ချက် အပေါ်တွင် ကျေနပ်မှုမရှိသဖြင့် အလုပ်ရှင်ဘက်မှ ခုံသမာဓိကောင်စီသို့ ပြင်ဆင်မှုလျှောက်ထားလာ

သဖြင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခုံသမာဓိကောင်စီ၊ အမိန့်ကြော်ငြာစာအမှတ် (၇၈/၂၀၁၉)၊ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်၊ နေ့စွဲဖြင့် ခုံသမာဓိကောင်စီ၊ အငြင်းပွားမှုအမှတ် (၁၀/၂၀၁၉) အား ကြားနာစစ်ဆေးမည့် ဝန်ကြီးဌာနကိုယ်စားလှယ် ဦးသောင်းစိန်၊ အလုပ်ရှင်ကိုယ်စားလှယ် ဦးသန်းမောင်၊ အလုပ်သမားကိုယ်စားလှယ် ဦးရဲကျော်သူ တို့ ပါဝင်သော ခုံအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။

၅။ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သည် အမှုတွဲကို လက်ခံရရှိပြီးနောက် အလုပ်ရှင်၊ အလုပ်သမား နှစ်ဦးနှစ်ဖက်တို့ကို ၁၁-၉-၂၀၁၉ ရက်နေ့တွင် တွေ့ဆုံ၍ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့နှင့် ခုံသမာဓိအဖွဲ့တို့မှ လွှဲပြောင်းပေးပို့တင်ပြလာသည့် မှတ်တမ်းများ၊ စာရွက်စာတမ်း၊ အထောက်အထား များ၊ လျှောက်ထားသူနှင့် လျှောက်ထားခြင်းခံရသူတို့၏ တောင်းဆိုလွှာ၊ ချေပလွှာများ၊ နှစ်ဖက် ထွက်ဆိုချက်များအပေါ် အခြေခံ၍ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့မှ အငြင်းပွားမှုဖြစ်စဉ်နှင့် ပတ်သက်၍ စစ်ဆေးဆောင်ရွက်ခဲ့ပါသည်။

**ကောက်ချက်အမှတ်(၁)။** ဆောက်လုပ်ရေးလုပ်သား (၆)ဦးအား အလုပ်ပြန်လည်ခွင့်ပြုရန် သင့်/ မသင့်။

**<u>စစ်ဆေးတွေ့ရှိချက်များ</u>**

၅။ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သည် နှစ်ဖက်သော အလုပ်ရှင်၊ အလုပ်သမားများကို တွေ့ဆုံဆွေးနွေး စစ်ဆေးချက်များအရ အလုပ်ရှင်၏ကိုယ်စား ဒေါ်ခင်ဥမ္မာ (ဥပဒေအကြံပေး/ အလုပ်ရှင်၏ အထူး ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ)နှင့် ဒေါ်နှင်းသဇင်လွင် (HR Manager/ အလုပ်ရှင်၏ အထူး ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ)တို့ လာရောက်ခဲ့ပြီး အလုပ်သမားဘက်မှ ဦးမောင်မောင်ထွေးပါ (၆)ဦးတို့ စုံညီစွာ စစ်ဆေးချက်များကို မေးမြန်းရယူခဲ့ပါသည်။

၆။ အလုပ်ရှင်၏ကိုယ်စား ဒေါ်ခင်ဥမ္မာ (ဥပဒေအကြံပေး/ အလုပ်ရှင်၏ အထူးကိုယ်စားလှယ် လွှဲအပ်ခြင်းခံရသူ)မှ ထွက်ဆိုရာတွင် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့များတွင် ထွက်ဆိုတင်ပြမှုများနှင့် ကွဲလွဲမှုမရှိကြောင်း စိစစ်တွေ့ရှိရပါသည်။ အလုပ်ရှင်၏ အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဒေါ်ခင်ဥမ္မာ၏ ထွက်ဆိုချက်များအရ ၎င်းတို့၏ လုပ်ငန်း သည် ကုန်ထုတ်လုပ်မှုလုပ်ငန်းအမျိုးအစားမဟုတ်ဘဲ သက်ဆိုင်ရာအလုပ်ရှင်များမှ စက်ရုံ

အဆောက်အအုံများ တည်ဆောက်ရန်လိုအပ်၍ လုပ်ငန်းအပ်နှံခဲ့ပါက ဆောက်လုပ်ရေးလုပ်ငန်းသုံး သံထည်များကို အသုံးပြု၍ သတ်မှတ်ကာလအတွင်း ပြီးပြတ်အောင် ဆောင်ရွက်ဆောက်လုပ်ရသော လုပ်ငန်းမျိုးဖြစ်ပါသည်။ မိမိတို့လုပ်ငန်းတွင် ဆိုဒ် ၅ နေရာခန့်ရှိသော်လည်း ပဲခူးလုပ်ငန်းခွင်မှာ အလုပ်မရှိ၍ လောလောဆည်တွင် ရပ်တန့်ထားရပါသည်။ ကျန်ရန်ကုန်နှင့် အနီးတဝိုက်ရှိ လုပ်ငန်းများတွင် လုပ်ကိုင်လျက်ရှိသော်လည်း ပြီးစီးသလောက်ရှိ၍ ယခုအခါ လုပ်ငန်းလက်ကျန်မရှိ၍ လူအင်အားလျှော့ချရသည့် အခြေအနေသို့ ရောက်ရှိလာပါသည်။ မိမိတို့သည် ဥပဒေနှင့်အညီ အလုပ်ရပ်စဲမှုနစ်နာကြေးများကို အလုပ်သမားများသို့ ပေးလျော်မည်ဖြစ်သော်လည်း လုပ်ငန်းသဘာဝအခြေအနေအရ အလုပ်မရှိ၍ အလုပ်ကို ပြန်လည်ခန့်ထားနိုင်ခြင်းမရှိပါကြောင်းနှင့် ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့၏ ဆုံးဖြတ်ချက်ကို လိုက်နာဆောင်ရွက်မည်ဖြစ်ပါကြောင်း ရှင်းလင်းထွက်ဆိုခဲ့ပါသည်။ ဦးမောင်မောင်ထွေးပါ အလုပ်သမား (၆) ဦးတို့မှလည်း ယခုကဲ့သို့ အလုပ်မှ ရပ်စဲခံရသဖြင့် မိမိတို့ မိသားစုများအနေဖြင့် လူမှုဒုက္ခများ ရရှိခံစားရပြီး ကြုံရာကျပန်း အလုပ်များဖြင့် စားဝတ်နေရေးပြေလည်စေရေးကို ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းတင်ပြပါသည်။ မိမိတို့ အထူးခံစားရသည်မှာ ယခုအလုပ်ရပ်စဲခံရသည့် အလုပ်သမားများတွင် လုပ်သက်နှစ်ချီ၍ လုပ်ကိုင်ခဲ့သော အလုပ်သမားများ ပါဝင်သလို လုပ်သက် နုနယ်သော အလုပ်သမားများလည်း ပါဝင်ပါသည်။ ကျန်ရှိသည့် အလုပ်သမားများအနက်မှ မိမိတို့ကို ရွေးချယ်၍ အလုပ်ရပ်စဲခဲ့သည်ကို ဝမ်းနည်းမိပါကြောင်းနှင့် ပြင်ပတွင် အလုပ်အကိုင် အခွင့်အလမ်း ရှားပါးနေသည်ဖြစ်၍ လက်ရှိ အလုပ်အကိုင်များတွင် ပြန်လည်ခန့်ထားပေးပါရန် တင်ပြလိုပါကြောင်း အဓိကဦးတည်၍ ရှင်းလင်းထွက်ဆိုခဲ့ပါသည်။

**<u>သုံးသပ်ချက်</u>**

၇။ ခုံအဖွဲ့သည် နှစ်ဖက်ရှင်းလင်းထွက်ဆိုသည်များကို ကြားနာပြီးနောက် Fang Yuan Myanmar Co.,Ltd. သည် ဆောက်လုပ်ရေးကုန်ပစ္စည်းများကို ထုတ်လုပ်သည့် စက်ရုံမဟုတ်ဘဲ အင်အားအသင့်အတင့်ရှိသည့် ဆောက်လုပ်ရေးလုပ်ငန်းများကို တည်ဆောက်၊ တပ်ဆင်လုပ်ကိုင်သည့် သံမဏိ ထည်ကိုင် အလုပ်သမားများဖြင့် လည်ပတ်နေသော လုပ်ငန်းမျိုးဖြစ်သည်ကို ဆန်းစစ်တွေ့ရှိရပါသည်။ အလုပ်သမားများ၏ ထွက်ဆိုချက်ဖြစ်သည့် အလုပ်အကိုင်ရှားပါးသည့် ဆောက်လုပ်ရေးဈေးကွက်တွင် လှုပ်ရှားရုန်းကန်ရသည့် ဘဝအခြေအနေဖြစ်ရာ မူလအလုပ်အကိုင်၊

ရာထူး၊ လစာတို့တွင်သာ ပျော်မွေ့ကျင်လည်သည်ဖြစ်၍ မူလအလုပ်ကိုသာ လုပ်ကိုင်လိုကြောင်း ဆန္ဒအမှန်ရှိနေပါသည်။ အသက်အန္တရာယ်များသည့် လုပ်ငန်းဖြစ်ပြီး ကျွမ်းကျင်မှုရှိရမည့် လုပ်ငန်းအမျိုးအစားတွင် ကျင်လည်ကြရသဖြင့် အခြားသော လုပ်ငန်းများတွင် ချက်ချင်းဝင်ရောက် အသက်မွေးဝမ်းကျောင်းပြုရန် မလွယ်ကူသည့် အခြေအနေဖြစ်၍ မူလအလုပ်ပြန်လည် ခန့်ထားရေးကိုသာ အလေးအနက်ထားတောင်းဆိုသည်ကို တွေ့ရှိရပါသည်။ ယနေ့ပြင်ပအခြေအနေတွင်လည်း အလုပ်ရှင်အနေဖြင့် အလုပ်အပ်နှံမှု၊ အလုပ်အကိုင် ကောင်းမွန်စီးပွားဖြစ်မှု ကျဆင်းနေပြီဖြစ်၍ လျှော့ချရသည်ကို မိမိတို့ ခုံအဖွဲ့အနေဖြင့် လက်ခံပါသည်။ သို့ရာတွင် အောက်ခြေအလုပ်သမားများအနေဖြင့် ယခုလို နှိုတစ် တစ်စုံတစ်ရာမပေးဘဲ ဥပဒေနှင့်အညီ သင့်လျော်သည့် အလုပ်ရပ်စဲမှုမျိုးမဟုတ်သည့်အတွက် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ စစ်ဆေးဆုံးဖြတ်ချက်များသည် မှားယွင်းမှုမရှိ၍ တည်ဆဲဥပဒေများနှင့်အညီ ညီညွတ်မျှတသည်ဖြစ်၍ မိမိတို့ ခုံအဖွဲ့သည် ၂၀၁၂ ခုနှစ်၊ အလုပ်သမား ရေးရာအငြင်းပွားမှုဖြေရှင်းရေးနည်းဥပဒေ ၂၃ (င) ကို ကျင့်သုံးလျက် အောက်ပါအတိုင်း ဆုံးဖြတ်လိုက်သည်-

**ဆုံးဖြတ်ချက်အမှတ်(၁)။** ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ ၂၉-၈-၂၀၁၉ ရက်စွဲပါ အငြင်းပွားမှုအမှတ်(၁၂/၂၀၁၉)အပေါ် ချမှတ်ခဲ့သော ဆုံးဖြတ်ချက်ကို အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ဤဆုံးဖြတ်ချက်သည် ချမှတ်သည့်နေ့ရက်မှစ၍ အာဏာတည်စေရမည်။

၈။ အထက်ပါ ဆုံးဖြတ်ချက်အရ ပေးရန်တာဝန်ရှိသည့်ငွေများကို ဤဆုံးဖြတ်ချက်ချသည့် နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း ပေးရမည်။ အလုပ်ရှင်ဘက်မှ ပေးရန်ပျက်ကွက်ပါက ၂၀၁၂ ခုနှစ်၊ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးနည်းဥပဒေ ၂၉ အရ အဆိုပါငွေကို မြေခွန်မပြေကျန်ငွေကဲ့သို့ အရကောက်ခံရမည်။

| | | |
|---|---|---|
| ဦးသန်းမောင် | ဦးသောင်းစိန် | ဦးရဲကျော်သူ |
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |